EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၃

ဇူလိုင် ၂၃ ရက်၊ ၂၀၁၉

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါတီနှင့်အမတ်တိုင်ပင်တင်ပြရန် ဒေါက်တာဇော်မြင့်မောင် မှာကြား

ဇူလိုင် ၇၊ ၂၀၁၉

မန္တလေးတိုင်းဒေသကြီး NLD လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါတီနှင့်တိုင်ပင်ကာ တင်ပြရန် ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က မှာကြားသည်။

ဇူလိုင် ၅ ရက်က မန္တလေးမြို့ ယူနန်တရုတ်ဘုံကျောင်းတွင် ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီးအစိုးရ၊ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံပွဲ၌ ဒေါက်တာဇော်မြင့်မောင်က ယင်းကဲ့သို့မှာကြားခြင်း ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ မှာစရာရှိတာက လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကျန်တဲ့ကာလမှာ ဒေသဖွံ့ဖြိုးရေးလုပ်တဲ့အခါမှာ ပါတီကိုအသိပေးပြီး ပါတီနဲ့ လိုအပ်ချက်တွေကို ရေးဆွဲစေချင်ပါတယ်။ ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါနော်။ ပါတီနဲ့တိုင်ပင်ပါ"ဟု ဒေါက်တာဇော်မြင့်မောင်က ဆိုသည်။

၂၀၁၉-၂၀ ဘတ်ဂျက်နှစ် တွင် ပြည်သူလူထုအကျိုးဖြစ်မည့် လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဥ်းများနှင့်အညီ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက မှာကြားထားကြောင်း ၎င်းကပြောသည်။

"သမားရိုးကျ အရင်တုန်းကလို စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ခြေမှာရှိတဲ့ ဌာနဆိုင်ရာတွေကနေ စိစစ်တင်ပြတာမျိုးအစား ကျွန်တော်တို့ဘက်က လွှတ်တော်ကိုယ်စားလှယ်များရယ်၊ ပါတီရယ် အရင် ဘယ် Project ကို အလုပ်သင့်ဆုံး၊ မြို့နယ်အတွက် ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်မယ့်တစ် ခုကို အမြန်ဆုံးစဥ်းစားစေချင်ပါတယ်။ စဥ်းစားပြီးတော့ တိုင်း ဒေသကြီးအစိုးရဆီကို တင်စေချင်တယ်"ဟု ဒေါက်တာဇော်မြင့် မောင်က ပြောသည်။

တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့်လုပ်ဆောင်မည့် လုပ်ငန်းများဖြစ်သဖြင့် ယင်းကဲ့သို့ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ကိုယ်စားလှယ်များအနေဖြင့် အမြန်ဆုံးတင်ပြစေလိုကြောင်း ၎င်းက ပြောသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လက်ရှိဘဏ္ဍာနှစ်တွင် ကျပ်သန်း နှစ်ထောင့်ခုနစ်ရာကျော်သုံးစွဲရာမှ လာမည့်ဘဏ္ဍာနှစ်တွင် ကျပ်သန်း နှစ်သောင်းခုနစ်ထောင်ခန့်သုံးစွဲရန် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြတောင်းခံထားပြီး လွှတ်တော်က ခွင့်ပြုထားသည်။

**(ကိုးကား - http://www.7daydaily.com)**

## ချင်းပြည်နယ်ဖြည့်စွက်ဘတ်ဂျက် တစ်မြို့နှင့်တစ်မြို့ လုံးဝမမျှတဟု CLD အမတ် ဝေဖန်

ဇူလိုင် ၈၊ ၂၀၁၉

ပြည်ထောင်စုအစိုးရထံမှ ချင်းပြည်နယ်အစိုးရ ဖြည့်စွက်ငွေရရှိသည့် ၁၇.၂၈ ဘီလီယံကို လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးခြင်းမပြုဘဲ ဝန်ကြီးများ၏ မဲဆန္ဒနယ်များတွင် ဘတ်ဂျက်အများစု ရေးဆွဲအတည်ပြုခြင်းမှာ မမျှတကြောင်း ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လျှန်က ဝေဖန်လိုက်သည်။



**ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လျှန်**

၎င်းက "ပြည်ထောင်စုက ညွှန်ကြားတာက ပြည်သူလူထု အကျိုးခံစားခွင့်အတွက် ပေးလိုက်တဲ့ ဘတ်ဂျက်ဖြစ်တယ်။ လက်ရှိမှာ ဝန်ကြီးတွေက သူတို့မဲဆန္ဒနယ်မြေမှာပဲ ၂၀၂၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြီး လုပ်ထားသလိုမျိုးဖြစ်နေတယ်"ဟု ထောက်ပြသည်။

ဦးအောင်လျှန်က "ဥက္ကဋ္ဌကလည်း ထန်တလန်နဲ့ ဟားခါးမဲဆန္ဒနယ်မှာ ဘတ်ဂျက်ပိုသုံးထားတယ်။ ဒုသမ္မတရဲ့ ညွှန်ကြားချက်အရဆိုပြီး ဘတ်ဂျက်တွေ ပိုပြီးထည့်သုံးတယ်။ ကျန်တဲ့မြို့နယ်အတွက် တင်ပြတာကျတော့ ညွှန်ကြားချက်မပေး ဘူး"ဟုပြောသည်။

ချင်းပြည်နယ် ပြောရေးဆိုခွင့်ရှိ စည်ပင်ဝန်ကြီး ဦးစိုးထက်က ဖြည့်စွက်ဘတ်ဂျက်ရေးဆွဲစဥ် ကက်ဘိနက်အဖွဲ့နှင့် လွှတ်တော်ဥက္ကဋ္ဌ တို့ပါဝင်ကြောင်း၊ ဘတ်ဂျက်မှာလည်း လူဦးရေနှင့် နယ်မြေအကျယ်အဝန်းပေါ် မူတည်ပြီးသတ်မှတ်ရသည့်အတွက် ရန်ပုံငွေရရှိမှုကွာဟနိုင်ကြောင်း ပြောသည်။

ပြည်နယ်အစိုးရမှ တင်ပြလာသည့် ငွေစာရင်းနှင့်ပတ်သက်ပြီး လွှတ်တော်တွင် ကန့်ကွက်မှုရှိ၍ လွှတ်တော်ဥက္ကဋ္ဌမှ မတ်တပ်ရပ်မဲခွဲစေခဲ့ရာ ကန့်ကွက်သူ ၃ ဦးသာရှိပြီး ထောက်ခံမှုများခဲ့သည်။ ဦးအောင်လျှန်က "ချင်းပြည်နယ် ကိုးမြို့နယ်ကြည့်မယ်ဆိုရင် တရားမျှတမှုလုံးဝမရှိဘူး" ဟုပြောသည်။

**(ကိုးကား- ချင်းဝေါလ်)**

# မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ဆောင်ရွက်ချက် အနှစ်ချုပ်တင်ပြ

**ဇွန် ၁၄၊ ၂၀၁၉**

ဇွန်လ ၁၄ ရက်နေ့ကကျင်းပသော မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) တွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်အနှစ်ချုပ်ကို လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိမ့် တင်ပြခဲ့သည်။

တင်ပြချက်အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးနှင့် ပုံမှန်အစည်းအဝေး စုစုပေါင်း (၁၂) ကြိမ်တွင် မေးမြန်းခဲ့သော မေးခွန်းက (၄၁၄) ခုအနက် ကတိဝင်မေးခွန်း (၂၃၉) ခု အပေါ် ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်းမှာ (၆၀.၆၇%) ဖြစ်ကြောင်း သိရသည်။ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အစည်းအဝေး စုစုပေါင်း (၁၃) ကြိမ်တွင် တင်သွင်းခဲ့သော အဆိုစုစုပေါင်း (၄၆) ခုအနက် အတည်ပြုအဆို (၃၈) ခုဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်းမှာ (၄၄.၇၄%) ဖြစ်သည်။

ကတိဝင်မေးခွန်း (၂၃၉) ခုအပေါ် ဆောင်ရွက်ပြီးစီးမှုမှာ ဝန်ကြီးချုပ်/မွန်ပြည်နယ်အစိုးရအဖွဲ့မှ (၅၀%)၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖြေကြားပြီး ကတိဝင်သည့် မေးခွန်းများကို ဆောင်ရွက်မှုမှာ (၅၈.၀၆%)၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ (၅၇.၁၄%)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ (၄၂.၈၆%)၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနမှ (၇၅%)၊




လူမှုရေးဝန်ကြီးဌာနမှ (၇၃.၁၇%) နှင့် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ (၆၆.၆၇%) ဖြစ်သည်။

စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြီးစီးမှုအခြေအနေမှာ (၅၀%) ဖြစ်ပြီး မေးခွန်း (၁) ခုကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက မေးခွန်း (၁) ခုဖြေခဲ့သည်။

ယင်းမေးခွန်းမှာ ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၏ ဆောင်ရွက်မှုမှာ (၁၀၀%) ဖြစ်သည်ဟု ဆိုသည်။

အတည်ပြုခဲ့သောအဆို (၃၈) ခုပေါ်တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက (၄၀%)၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက (၄၀%)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၈၀%)၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနက (၁၆.၆၇%)၊ လူမှုရေးဝန်ကြီးဌာနက (၄၀%)၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ (၃၃.၃၃%)၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (၆၆.၆၇%) တို့ ဆောင်ရွက်ပြီး ဖြစ်သည်ဟုဆိုသည်။

မွန်ပြည်နယ်လွှတ်တော်သည် ပြီးခဲ့သည့် မေလဝန်းကျင်မှစ၍ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်၏ ကတိဝင်သည့်မေးခွန်း၊ အတည်ဖြစ်သည့်အဆိုနှင့် ပတ်သက်ပြီး ရာခိုင်နှုန်းတွက်ရန် ဆောင်ရွက်ခဲ့သည်။ ထိုသို့တွက်ချက်သည့်အခါ မွန်ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများချည်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ကတိကဝတ်ကော်မတီ ဦးစီးအရာရှိမှစကာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနအရာရှိများအားဖိတ်ကြား၍ အတူဆောင်ရွက်ခြင်း၊ အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်းများပြုလုပ်ခဲ့သည်ဟု ဆိုပါသည်။ ယခုတင်ပြသည့် ရာခိုင်နှုန်းများမှာ အုပ်ချုပ် ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင် (၂) ခုလုံးက အရာထမ်း၊ အမှုထမ်းများက သေချာစိစစ်ပြီး တွက်ချက်ထားသည့်ရာခိုင်နှုန်းများ ဖြစ်ကြောင်းနှင့် မွန်ပြည်နယ်လွှတ်တော်က ရာခိုင်နှုန်းတွက်တာကိုလည်း ပွင့်လင်းမြင်သာစွာ တွက်ချက်ခြင်းဖြစ်ပါသည် ဆိုသည့်အကြောင်းကို အသိပေးခြင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌမှ ပြောကြားခဲ့သည်။

**(ကိုးကား:-https://www.monhluttaw.com)**

# ပြည်နယ်နှင့်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးများ ဆက်လက်ခန့်အပ်

**ဇူလိုင် ၁၆၊ ၂၀၁၉**

ဇူလိုင်လ ဒုတိယပတ်တွင် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေးတွင် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည် (ကျောက်ဆည်-၂) ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ဦးထွန်းထွန်းဦး (ပေါင်းတည်-၂) ကိုလည်းကောင်း၊ မွန်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေးတွင် ဦးထွန်းမင်းအောင် (ပေါင်-၁) ကိုလည်းကောင်း၊ ကရင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ဦးမင်းကိုခိုင် (ကော့ကရိတ်-၂) ကိုလည်းကောင်း အသီးသီးအတည်ပြုခန့်အပ်ခဲ့ကြောင်း သိရသည်။ ဝန်ကြီးအဖြစ်ခန့်အပ်ခံရသော အဆိုပါလွှတ်တော်ကိုယ်စားလှယ်အများစုမှာ လွှတ်တော်ရေးရာကော်မတီအသီးသီးတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသူများဖြစ်သည်။

သစ္စာစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသော NLD အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ ကျောင်းသူကျောင်းသားများ၊ ရပ်ကွက်/ကျေးရွာနေ ပြည်သူများ၊ စက်ရုံအလုပ်ရုံနှင့်ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးကို ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သည်ဟု စောင့်ကြည့်လေ့လာသူများက သုံးသပ်သည်။

**(သတင်းရင်းမြစ်အသီးသီးမှ စုစည်းတင်ပြသည်။)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြပြီးမှသာ ထန်းတပင်နှင့်လှည်းကူး စက်မှုဉယျာဉ်မြို့တော်စီမံကိန်းများ တင်ဒါရွေးသင့်ဟုဆို

ဇူလိုင် ၁၁၊ ၂၀၁၉

ထန်းတပင်နှင့်လှည်းကူး စက်မှုဉယျာဉ်မြို့တော်စီမံကိန်းများအတွက် ဟောင်ကောင်ကုမ္ပဏီနှင့် စင်ကာပူကုမ္ပဏီတို့ကို တင်ဒါရွေးချယ်ခဲ့သည်ဟု ကြားသိနေရပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပြီးမှသာလျှင် ရွေးချယ်သင့်ကြောင်း တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးသက်ထွန်းဝင်း (ဗိုလ်တထောင်-၂) က ပြောသည်။ ဇူလိုင် ၁၀ ရက်ကပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးဆွေးနွေးရာ၌ ယင်းကဲ့သို့ ပြောခဲ့ခြင်းဖြစ်သည်။

"ကုမ္ပဏီနှစ်ခု တင်ပြတဲ့အချိန်မှာ ကျန်တဲ့ကုမ္ပဏီတွေရော မတင်ပြတော့ဘူးလား။ တင်ဒါစည်းမျဉ်းစည်းကမ်းအရဆိုရင် လွှတ်တော်ထဲမှာ ခွင့်ပြုချက်ရပြီးမှသာလျှင် တင်ဒါရွေးချယ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းနဲ့ ကုမ္ပဏီတွေကို ရွေးချယ်ရမှာဖြစ်ပါတယ်။ အခုဟာက ကုမ္ပဏီနာမည်တွေက အရင်ဆုံးပေါက်ကြားနေသလို ဖြစ်နေပါတယ်"ဟု ၎င်းကပြောသည်။



ဓာတ်ပုံ- Yangon Region Government

စက်မှုဉယျာဉ်မြို့တော် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် လယ်ပိုင်ရှင် တောင်သူလယ်သမားများနှင့် ဆွေးနွေးသဘောတူညီချက်ရရှိရုံ တစ်ခုတည်းဖြင့် စီမံကိန်းတစ်ခုလုံး အလုံးစုံပြီးမြောက်အောင်မြင်နိုင်ခြင်း မရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်မဂ္ဂါဝပ် ၁၅၀၀ သာ ရရှိသုံးစွဲရရှိပြီး ယင်းအတွင်းမှ ကျေးလက်မီးလင်းရေးစီမံကိန်း၊ လမ်းမီးလင်းရေးစီမံကိန်းများ ဆောင်ရွက်မည့်အပြင် ထန်းတပင်နှင့် လှည်းကူးစက်မှုမြို့တော်စီမံကိန်းများအတွက် ထုတ်နုတ်သုံးစွဲမည်ဆိုပါက လျှပ်စစ်မလုံလောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစီမံကိန်း အကောင်အထည်ဖော်ပါက ကန်ထရိုက်တာများက စက်မှုဇုန်ပြုလုပ်မည့်နေရာတွင် လမ်းတံတား၊ ရေ၊ မီး၊ ရေနုတ်မြောင်းများကို တိကျစွာစစ်ဆေးရမည့်အပြင် ရင်းနှီးမြှုပ်နှံမှုကာလများလည်း တိကျစွာ အဖြေရရှိစေရေးအတွက် အချိန်ပြည့်ကြီးကြပ်နိုင်ရန် တတိယအဖွဲ့အစည်းထားရှိဆောင်ရွက်မှသာလျှင် နိုင်ငံတော်အတွက် မှန်ကန်သောဂျီဒီပီကိန်းဂဏန်းများ ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယင်းစီမံကိန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ဇူလိုင် ၃ ရက်က ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းခဲ့ရာ ဇူလိုင် ၁၀ ရက်၌ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ဆွေးနွေးအကြံပြုခဲ့ကြသည်။

**(ကိုးကား- မြန်မာတိုင်းမ်နေ့စဉ်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်လျာထားမှုကို လွှတ်တော်ကိုယ်စားလှယ် ဝေဖန်

ဇူလိုင် ၁၁၊ ၂၀၁၉

ရှမ်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်လျာထားသုံးစွဲရန် ခွဲဝေရေးဆွဲထားမှုသည် မျှတမှုမရှိကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း (မိုင်းပြင်း-၂) က ဝေဖန်ဆွေးနွေးခဲ့သည်။

ပြည်နယ်အစိုးရကတင်သွင်းသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်း၌ ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစာရင်းနှင့် ပတ်သက် ပြီး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။အဆိုပါ ရသုံးမှန်းခြေစာရင်းတွင် ပြည်ထောင်စုမှ ဒေသန္တရဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထပ်မံထောက်ပံ့ငွေ ကျပ် ၂၆ ဒသမ ၈၇၅ ဘီလီယံရှိသည်ဟု ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေရသုံးမှန်းခြေဆိုင်ရာ စိစစ်ရေးကော်မတီမှတ်တမ်း၌ ဖော်ပြသည်။

အစိုးရအဖွဲ့ဆောင်ရွက်မည့်လုပ်ငန်းများတွင် လျှပ်စစ်ဖြန့်ဖြူးရေးအပါအဝင် ဌာနခြောက်ခု၏ လုပ်ငန်းများနှင့်တောင်ကြီးမြို့ ခုံးကျော်တံတားစီမံကိန်းများ ပါဝင်သည်။

ယင်းလုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ကျေးလက်လမ်းခင်းခြင်း၊ တံတားခင်းခြင်းလုပ်ငန်းထက် မြို့ပြအစီနိုင်လွန်ကတ္တရာခင်းခြင်း၊ မလိုအပ်သည့် နယ်စပ်ဂိတ်ပြုပြင်ခြင်းတို့ပါဝင်နေကြောင်း ဦးစိုင်းလှဝင်းက ပြောသည်။

"သက်ဆိုင်ရာ ပြည်ထောင်စုစီမံကိန်းဝန်ကြီး လမ်းညွှန်ချက်မှာလည်း တိတိကျကျဖော်ပြပြီးသား၊ အခုထပ်ခွင့်ပြုလိုက်တဲ့ ၂၆ ဒသမ ၈၇၅ ဘီလီယံကို ရှမ်းပြည်နယ်အတွင်းမှာ တကယ်လိုအပ်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ ကျေးလက်နေပြည်သူတွေအတွက်ပဲလို့ သဘောပေါက်တယ်။ အခုက မျှတမှုမရှိဘူး"ဟု ၎င်းက ပြောသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၏ ဝေဖန်ထောက်ပြချက်ကို ကြိုဆိုလက်ခံကြောင်း ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းညွန့်လွင်က ပြောသည်။"ကိုယ်စားလှယ်တော်ကြီးပြောသလို ဘတ်ဂျက်မမျှတတာ မဟုတ်ပါဘူး။ အကုန်လုံးကို မျှမျှတတ လုပ်ဆောင်ထားပါတယ်။ မြို့ပြရဲ့ ဖွံ့ဖြိုးမှုလိုအပ်ချက်အပြင် ကျေးလက်အတွက်ပါ ထည့်ရေးထားပါတယ်"ဟု ဦးစိုင်းညွန့်လွင်က ပြောသည်။

**(ကိုးကား - http://www.7daydaily.com)**